**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**(၁၈) ရက်မြောက်နေ့အစီအစဉ်**

**( ၃ - ၇ -၂၀၂၆ ) (သောကြာနေ့)  နံနက် ၁၀:၀၀ နာရီ**

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်ခင်သန်းမြင့်၊ ပေုတောမဲဆန္ဒနယ်၏ **ပေုတောမြို့နယ်အတွင်းရှိ လပွတ္တာ (ကျောက်ဖျာလေး) သုံးခွ၊ အုတ်တွင်း၊ ထိပ်စွန်းလမ်းအား ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးဝင်းမြင့်၊ အုတ်တွင်းမဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ် ဝဲဒေါင့်ကျေးရွာအုပ်စု ဟင်းငုတ်ပင်- ဝဲဒေါင့်- ပိတောက်ခင် ကျောက်ချောလမ်းပိုင်း (၇/၁)မိုင်အား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအောင်ဝင်းဆွေ၊ မြန်အောင်မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ် ကနောင်- အင်ပင်လမ်းပိုင်းတွင် ကနောင်- တာငါးဆုံ လမ်းပိုင်းအား ကွန်ကရစ်လမ်း ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်၏ **ဥတ္တရသီရိမြို့နယ် ကျေးရွာ (၉) ရွာ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ (၇) ရရှိရေး UTM မြေပုံအစား Coordinate စနစ်ဖြင့် ပြောင်းလဲ၍ အမိန့်စာထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးအောင်မျိုးသန်း၊ ကော့မှူးမဲဆန္ဒနယ်၏ **ကော့မှူးမြို့နယ်ရှိ သမင်ခြံ၊ တာတိုက်နှင့် သရက်တောကျေးရွာအုပ်စုများရှိ မိုးစပါးကေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန် Check Gate ၂ ပေါက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးမြင့်ဇော်လင်း၊ ဖြူးမဲဆန္ဒနယ်၏ **ကွန်းချောင်းဆည် ရေလှောင်တမံသည် ၂၀၁၆ ခုနှစ်တွင် ရပ်နားထားခဲ့သဖြင့် ပြန်လည်တည်ဆောက်ပေးနိုင်မှု ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်၏ **ဧရာဝတီတိုင်းဒေသကြီး အတွင်း သဘာဝချောင်းမြောင်းများ တိမ်ကော ပျက်စီးနေခြင်း၊ "ငဝန်တာ၊ ပန်းလှိုင်တာနှင့် ပင်လယ်ရေချို၊ ရေငန်အစပ် ရေထိန်းတံခါးများ၊ ကျွန်းပတ်တာတမံများအား" ပြန်လည်တူးဖော် တည်ဆောက်ခြင်းများ မည်ကဲ့သို့ စီမံ ဆောင်ရွက်မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၇။ ဒေါက်တာထိန်ဝင်း၊ ကျောင်းကုန်းမဲဆန္ဒနယ်က **"မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများမှရရှိသော ကိန်းဂဏန်းအချက်အလက်များအား စနစ်တကျ ထိရောက်စွာ စီမံခန့်ခွဲ၍ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက် မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရန်လိုအပ်သည့် "အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်" တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၉) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။